သင်္ကြန်ပွဲတော် အထူး ထုတ်ဝေမှု

နောက်ဆုံးသတင်းလွှာအမှတ် ၁၁ - ဧပြီ ၁၄



# နိုဗယ်ကိုရိုနာဗိုင်းရပ်စ်(COVID-19) နှင့်စပ်လျဉ်းသည့် နောက်ဆုံးရသတင်းအချက်အလက်များ

## မြန်မာနိုင်ငံရှိ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ

## #COVID19 ဆိုင်ရာ ဒေသတွင်း လှုပ်ရှားဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ထိခိုက်အလွယ်ဆုံးသူများကို ကူညီပံ့ပိုးခြင်း



ကရင်ပြည်နယ်



ကချင်ပြည်နယ်



ရန်ကုန်တိုင်းဒေသကြီး

၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၄ ရက်နေ့ နံနက် ၀၀:၁၅ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) ထုတ်ပြန်သည့် သတင်းအချက်အလက်။

စောင့်ကြည့်လူနာ (PUI) စုစုပေါင်း ၁,၂၇၁ ဦး

ရောဂါရှိကြောင်း အတည်ပြုလူနာ ၆၂ ဦး

သေဆုံးလူနာ ၄ ဦး

ပြန်လည်ကျန်းမာလာသောလူနာ - ၂ ဦး

သတင်းရင်းမြစ် -Surveillance Dashboard.

ကမ္ဘာလုံးဆိုင်ရာကိန်းဂဏန်းများကို လေ့လာရန် ယခုလင့်ခ်ကိုနှိပ်ပါ။

ကြက်ခြေနီစေတနာလုပ်အားရှင်များမှ နိုင်ငံတော်မှ စားနပ်ရိက္ခာအိတ်များကို ဝင်ငွေနည်းပါးသောအိမ်ထောင်စုများအား ပံ့ပိုးပေးခဲ့သည်။ ယခုနှစ် သင်္ကြန်ရုံးပိတ်ရက်များသည် COVID-19 ကြောင့် ရေပက်ဆော့ကစားခြင်းမရှိဘဲ ပုံမှန်နှစ်များနှင့်မတူ တိတ်ဆိတ်လျက်ရှိသည်။ သို့သော် ကျွန်ုပ်တို့ကြက်ခြေနီ စေတနာလုပ်အားရှင်များ၏ ကွင်းဆင်းဆောင်ရွက်မှုများကြောင့် လူအများ၏ တစ်နေ့တာကို ပျော်ရွှင်စေလျက်၊ ယခုကဲ့သို့ ခက်ခဲသော အချိန်တွင် လူအားလုံးအား အိမ်၌ ဘေးကင်းစွာ နေထိုင်နိုင်စေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။ MRCS၏ လှုပ်ရှားဆောင်ရွက်မှုများကို MRCS လူမှုစာမျက်နှာများတွင် လေ့လာသိရှိနိုင်သည်။ (ဖေ့စ်ဘုတ်/တွစ်တာ)



ရှမ်းပြည်နယ် အရှေ့ပိုင်း





### ကွင်းဆင်းလေ့လာမှုမှ ကြက်ခြေနီတို့၏ အသံများ

"ဧပြီလ ၁၀ ရက်နေ့မှ စတင်၍ ကျွန်တော်တို့သည် နိုင်ငံတော်အစိုးရထံမှ စားနပ်ရိက္ခာ များကို ပေးပို့ရန် ကျွန်တော်တို့၏ မြို့နယ်တွင်းရှိ အိမ်ထောင်စုပေါင်း ၁၀၀ ကျော်ခန့်ဆီ သွားရောက်ခဲ့သည်။ ကျွန်တော်တို့၏ မြို့နယ်တွင် စားနပ် ရိက္ခာ များကို လက်ခံရန် မျှော်မှန်းနေသော အိမ်ထောင်စုပေါင်း ၂,၀၀၀ ခန့်ရှိသည်။ အဆိုပါကိစ္စသည် ယခုနှစ်တွင် ကြုံလေ့ကြုံထမရှိသော အဖြစ်အပျက်တစ်ခု ဖြစ်ပြီး - ပုံမှန်အားဖြင့်လူများသည် သင်္ကြန်ကာလရုံးပိတ်ရက်တွင် ဈေးအတွင်း ကုန်ပစ္စည်းများကို ရောင်းချခြင်းအားဖြင့် ဝင်ငွေရှာလေ့ရှိကြသော်လည်း၊ ယခုနှစ်အတွက်မူ COVID- 19 ရောဂါ ကြောင့် ထိုသို့ပြုလုပ်ရန် မဖြစ်နိုင်ပေ။ ရိက္ခာများကို ဖြန့်ဝေနေချိန်တွင် လူအများမှ ကျွန်တော်တို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြသည်။ နှာခေါင်းစည်းများ ရှိမရှိ မေးသော အခါတွင် အကူအညီ မပေးနိုင်သောကြောင့် အလွန်ဝမ်းနည်းခဲ့ရသည်။ နှာခေါင်းစည်းများကို ရှာရမလွယ်ကူဘဲ ဝယ်ရသည်မှာလည်း ဈေးကြီးလှသည်။ ရိက္ခာများကို ဖြန့်ဝေပေးပြီးတိုင်း စနစ်တကျ လက်ဆေးနည်းနှင့် ရောဂါ ကာကွယ်နည်းများ ကို တိုင်းရင်းသား ဘာသာ စကားဖြင့် အသိ ပညာပေး ခြင်းများ ပြုလုပ်ခဲ့သည်။ လက်တွေ့တွင်မူ ကျွန်ုပ်သည် COVID – 19 နှင့်စပ် လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) နှင့်အတူ ပူးပေါင်း ဆောင်ရွက်နေသည်မှာ နှစ်လခန့်ရှိပြီဖြစ်ပြီး၊ ဗလီများအပါအဝင် ကျွန်တော်တို့ မြို့နယ်ရှိ နေရာ အတော် များများတွင် အသိပညာပေးခြင်းကို ဆောင်ရွက်ပြီး ဖြစ်သည်။ ကျွန်တော်တို့သည် နေရာအနှံ့သွားရောက်ပြီး၊ ကျွန်တော်တို့ကို လိုအပ် နေသူတိုင်းအား အကူအညီပေးလျက်ရှိသည်။"

**ဦးရန်နိုင်ထွန်း၊ ကြက်ခြေနီစေတနာလုပ်အားရှင်၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။**

**ရှမ်းပြည်နယ် အရှေ့ပိုင်း**

### အားလုံးအတူ လက်တွဲခေါ်ပါ။

အွန်လိုင်းဆွေးနွေးပွဲ - IFRC အာရှ ပစိဖိတ် CEA ညှိနှိုင်းရေးမှူးကို ဖိတ်ကြားလျက် CCCM ကမ္ဘာလုံးဆိုင်ရာ အဖွဲ့မှ စီစဉ်သော ယာယီခိုလှုံရာနေရာများ နှင့် အလားတူ နေရာများရှိ COVID- 19 တုံ့ပြန် ဆောင်ရွက်ချက် များ လုပ်ဆောင်နေချိန်အတွင်း ရပ်ရွာနှင့် ထိတွေ့ဆက်ဆံမှု နှင့် ပါဝင်ဆောင်ရွက်မှု။

ရှင်းလင်းတင်ပြချက် ၊ ဝက်ဆိုက်ဒ် ဆွေးနွေးပွဲ အသံသွင်းမှတ်တမ်း

### MRCS COVID-19 Dashboard



ဒတ်ရှ်ဘုတ်ကို အသုံးပြုနိုင်ရန် ၊ ယခုလင့်ခ်ကို နှိပ်ပါ။

ဒတ်ရှ်ဘုတ်ကို ကြက်ခြေနီ စေတနာလုပ်အားရှင်များ ထံမှ နောက်ဆုံး အစီရင်ခံ ထားသော အချက် အလက်များပေါ် အခြေခံထားပြီး၊ MRCS ကျန်းမာရေး ဦးစီးဌာန၊ ကနေဒါကြက်ခြေနီအသင်း နှင့် အမေရိကန် ကြက်ခြေနီ အသင်းတို့ထံမှ ပံ့ပိုးကူညီမှုဖြင့် MRCS သတင်းအချက်အလက် စီမံခန့်ခွဲရေးမှ ပြုလုပ်သည်။

# #COVID19 ရပ်ရွာလူထုအား ကြိုတင်ပြင်ဆင်ခြင်း နှင့် မြန်မာနိုင်ငံရှိ ပြောင်းလဲနေသောအခြေအနေများအတွက် အသင့်ပြင်ဆင်ထားခြင်း



တနင်္သာရီတိုင်းဒေသကြီး


ဧရာဝတီတိုင်းဒေသကြီး


ရှမ်းပြည်နယ်


ရခိုင်ပြည်နယ်

## ၂၀၂၀ ပြည့်နှစ်၊ မေ ၉ ရက်နေ့အထိ MRCS အရေးပေါ်လုပ်ငန်းစီမံချက် (EPoA) ဆိုင်ရာ အလေးထား ဆောင်ရွက်ချက်များ

**ဦးစားပေးစီမံချက်များ -**

- ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များနှင့် အကျိုးသက်ရောက်နိုင်မှုများကို ပြည်သူလူထုအား အသိပေးဝေမျှခြင်းနှင့် လူထုပူးပေါင်း ပါဝင်လာအောင် စည်းရုံးပြောဆိုခြင်း (Risk Communication and Community Engagement, RCCE)
- နိုင်ငံတော်၏ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုခြင်း၊ ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုရန်။
- စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေးကူညီရန်။
- ထိခိုက်ခံစားရသူများနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရသော သူတွေအတွက် အခြေခံလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်။

**တိုက်ရိုက် အကူအညီရသော လူဦးရေ #** - **လူပေါင်း ၁.၂ သန်း** (အမျိုးသမီး နှင့် မိန်းကလေး ၅၀ %)၊ လူမှုစာမျက်နှာမှတဆင့် စည်းရုံးလှုံ့ဆော်မှုများဖြင့် လူပေါင်း ၅ သန်း။

**အချိန်ကာလ** - ၁၂ လ (၁ မေလ ၂၀၂၀ ပြည့်နှစ် - ဖေဖော်ဝါရီ ၂၈ ရက်၊ ၂၀၂၁ နှစ်)

**စုစုပေါင်း ရန်ပုံငွေ** - **မြန်မာကျပ်ငွေ ၄,၆၈၈,၂၁၃,၅၀၀** (အမေရိကန် ဒေါ်လာ ၃,၂၈၀,၀၀၀ ခန့်)

**ရန်ပုံငွေ ကွာဟချက်** - **မြန်မာကျပ်ငွေ ၃,၁၄၅,၀၉၃,၅၀၀** ( အမေရိကန် ဒေါ်လာ ၂,၃၆၄,၀၀၀ ခန့်)

**ရည်မှန်းထားသည့် ပြည်နယ်များ/ တိုင်းများ** - **ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၇ ခုလုံး**

**MRCS ၏ ကွင်းဆင်းထောက်ပံ့မှုလုပ်ငန်းစဉ်** - ကြက်ခြေနီစေတနာလုပ်အားရှင်ပေါင်း ၄၄,၀၀၀ ဦးမှ ၄,၀၀၀ ဦးနှင့် MRCS ဝန်ထမ်း ၇၅၁ ဦးတို့သည် နိုင်ငံတဝန်းရှိမြို့နယ် ကြက်ခြေနီ အသင်းခွဲပေါင်း ၃၃၀ မှတဆင့် EPoA မှ အစီအစဉ်များအတိုင်း COVID – 19 လုပ်ငန်းများကို ပံ့ပိုးကူညီသွားမည် ဖြစ်သည်။

**ပြောင်းလဲနေသည့် အခြေအနေများပေါ်တွင် အခြေခံပြီး EPoA ကို ထပ်မံ ဆန်းစစ်သုံးသပ်သင့်သည်။**

## ထိခိုက်ဆုံးရှုံးနိုင်ခြေ အသိပေးခြင်း နှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံမှု (RCCE) ဆိုင်ရာ တစ်ရက်တာ သင်တန်း




IFRC မှ ပို့ချသော တစ်ရက်တာ သင်တန်းသည် လူသားချင်းစာနာထောက်ထားမှုပေးနေသောအဖွဲ့အစည်းများနှင့် စေတနာလုပ်အားရှင်များအား RCCE နှင့်စပ်လျဉ်းသည့် အခြေခံ အသိပညာ၊ COVID – 19 ကြိုတင်ပြင်ဆင်ရေး နှင့် ရပ်ရွာနှင့်ထိတွေ့ ဆောင်ရွက်သည့် လှုပ်ရှားမှုများကို ထိရောက်စွာ ပြင်ဆင်ပုံသာမက အသစ်ကျင့်သုံးနေသော တစ်ဦးနှင့်တစ်ဦး အကွာအဝေး ခြားနား နေခြင်းကို လိုက်နာလျက် ထင်မြင်အကြံပြုချက်များ နှင့် ကောလဟာလများကို စုဆောင်း တုန့်ပြန်ပုံတို့နှင့် စပ်လျဉ်းသည့် အခြေခံ အသိပညာများကို ရရှိစေသည်။

ရှင်းလင်းတင်ပြချက် ၊ အကြံပြုထားသော အစီအစဉ်

## IFRC မှ စိစစ်ထားသော အရေးပေါ်ထောက်ပံ့ငွေ အခြေအနေများ

၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့တွင် IFRC သည် COVID – 19 ပျံ့နှံ့မှုကို တုံ့ပြန်ဆောင်ရွက်နိုင်စေရန်အတွက် ၎င်း၏ အရေးပေါ် ထောက်ပံ့ငွေ ကို အသိပေးခဲ့သည်။ ယခု အရေးပေါ် ထောက်ပံ့ငွေသည် ပြန်လည် စီစစ်ထား သော **စုစုပေါင်း** CHF **၁၅၀ သန်း** ပါဝင်ပြီး၊ IFRC အနေဖြင့် COVID – 19 ရောဂါ ကူးစက်နိုင်သည့် ရပ်ရွာများ သို့မဟုတ် ကူးစက်နိုင်ခြေရှိသော ရပ်ရွာများထံ အကူအညီနှင့် အထောက်အပံ့များပေးရန် ၎င်း၏ အဖွဲ့ဝင် အမျိုးသားအသင်းများကို ပံ့ပိုးပေးခဲ့သည်။ **လက်ရှိကာလတွင်** CHF **၆,၁၉၄,၇၇၂ ခန့်** လက်ခံရရှိပြီး ဖြစ်သည်။ (IFRC)




## ရခိုင်ပြည်နယ်အတွင်း MRCS ၏ COVID – 19 စီမံချက်များ




သင်္ကြန်ကာလမတိုင်ခင် ရက်သတ္တပတ်အတွင်း ဝန်ထမ်းနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်ပေါင်း ၃၀၀ ခန့်သည် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို အသိပေးခြင်း နှင့် ရပ်ရွာနှင့် ထိတွေ့ဆက်ဆံခြင်း (RCCE) နှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းတို့သာမက ရပ်ရွာ များတွင် COVID-19 ဆိုင်ရာ အစိုးရကူညီထောက်ပံ့ရေး လှုပ်ရှားမှုများအတွက် နယ်စပ်ဂိတ်များတွင်ကိုယ်အပူချိန် တိုင်းတာခြင်း၊ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရေးစခန်းများတွင် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ခြင်း ပိုးသတ်ဆေးဖြန်းခြင်း စသည် တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ MRCS လှုပ်ရှားဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ် မြောက်ပိုင်း၊ အလယ်ပိုင်း နှင့် တောင်ပိုင်းတို့ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ MRCS ၏ COVID – 19 ရောဂါကာကွယ်ရေးလှုပ်ရှားဆောင်ရွက်မှုများကို သိရှိလိုပါက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မကြာသေးမီကာလမှ RCCE လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာပါ။

ဇာတ်လမ်းပုံပြင်




ကျွန်ုပ်အတွက် သူရဲကောင်းမှာ သင်သာဖြစ်သည် ဟူသော ပုံပြင်စာအုပ်သည် COVID- 19 နှင့်စပ်လျဉ်းသော ကလေးများအတွက် ဇာတ်လမ်း ပုံပြင်စာအုပ်ဖြစ်ပြီး၊ COVID – 19 ကို ရင်ဆိုင်နေရသော ကလေးသူငယ်များ၊ မိဘများ၊ အုပ်ထိန်းသူများ၊ နှင့် ဆရာ ဆရာမပေါင်း ၁၇၀၀ ထံမှ ထင်မြင်အကြံပြုချက်များပေါ် အခြေခံလျက် ဘာသာစကားပေါင်း ၁၂ ခုဖြင့် ရေးသားထားသော ပုံပြင်စာအုပ်ဖြစ်သည်။

## အရင်းအမြစ်များနှင့် ဆက်သွယ်ရန် လင့်ခ်များ

Daily MoHS update on COVID-19
WHO global webpage on COVID-19
Daily MIMU update on COVID-19
INGO Forum COVID-19 resource collection
IFRC Asia Pacific COVID-19 Dashboard


| **ဒေါက်တာ နေထက်လင်း** | **ဂျိုးဇက်မူရမ်ဘို** |
| --- | --- |
| ကျန်းမာရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး | စီမံကိန်းညှိနှိုင်းရေးမှူး |
| မြန်မာနိုင်ငံကြက်ခြေနီအသင်း | IFRC မြန်မာနိုင်ငံ ဌာနေရုံး |
| nayhtetlin@redcross.org.mm | joseph.muyambo@ifrc.org |
| +95 9 799 531 565 | +95 9 450 719 453 |


MRCS နှင့် ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များမှ ထုတ်ဝေသည့် ယခင်အပတ်စဉ် COVID -19 နောက်ဆုံးရ အချက်အလက်များ စာစောင်များကို ယခုလင့်ခ်ကို နှိပ်ပြီး ကြည့်ရှုပါရန်။